ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

နိုင်ငံခြားရေးဝန်ကြီးဌာန

သတင်းထုတ်ပြန်ချက် (၁ / ၂၀၂၃)

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

အထူးကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်ရုံး ဖွင့်လှစ်လိုက်ကြောင်း အင်ဒိုနီးရှားနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Retno L.P. Marsudi မှ ကြေညာခဲ့ခြင်းအပေါ် အမျိုးသားညီညွတ်ရေးအစိုးရမှ ကြိုဆိုပါသည်။

နိုင်ငံခြားရေးဝန်ကြီး Ms Retno မှ အထူးကိုယ်စားလှယ်ရုံး အကြီးအကဲအနေဖြင့် ၎င်း၏ တာဝန်ဝတ္တရားများကို အားသွန်ခွန်စိုက် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု မိမိတို့ အစိုးရမှ ယုံကြည်ပါသည်။

ထို့အပြင် အာဆီယံ၏ မြန်မာနိုင်ငံအပေါ် တုံ့ပြန်မှု အရှိန်ကို ပိုမိုမြင့်တင်နိုင်ရန်အတွက် Ms Retno မှ အထူးကိုယ်စားလှယ်အသစ် ခန့်အပ်လာပါက အထူးကိုယ်စားလှယ် မှ ၎င်း၏တာဝန်ဝတ္တရားများကို အချိန်ပြည့် လုပ်ဆောင်သွားနိုင်ဖွယ်ရှိကြောင်းနှင့် အထူးကိုယ်စားလှယ်ရုံး အနေဖြင့်လည်း အရေးကြီးသော နယ်ပယ်နှင့်ကဏ္ဍအလိုက် လူသားအရင်းအမြစ်များနှင့် ဘဏ္ဍာရေး အရင်းအမြစ်များကို ခွဲဝေချထားသည်ကို တွေ့မြင်ရပါသည်။

အာဆီယံတွင် အင်ဒိုနီးရှားနိုင်ငံ၏ ခေါင်းဆောင်မှု စတင်သည့်အချိန်သည် မြန်မာနိုင်ငံအရေးနှင့် စပ်လျဉ်းပြီး လူထု၏သဘောထား တဟုန်ထိုးမြင့်တက်နေသည့်ကာလ ဖြစ်သည့်အပြင် မြန်မာနိုင်ငံအတွက် အရေးပါသော အခိုက်အတန့်နှင့်လည်း ကိုက်ညီနေ ပါသည်။ မကြာသေးမီက ကျင်းပပြုလုပ်ခဲ့သော အာဆီယံ ထိပ်သီးအစည်းအဝေးများတွင် ကုလသမဂ္ဂနှင့် ပြင်ပ မိတ်ဖက်နိုင်ငံများထံမှ ထောက်ခံမှုရရှိရန် အာဆီယံ ခေါင်းဆောင်များ၏